
# “ကျေးလက်ဒေသဖွံ့ဖြိုးဖို့ ပေါင်းစည်းလယ်ယာ ဆောင်ရွက်စို့”

**ကိုရွှေငါး (ဓနုဖြူ)**

ကျေးလက်ဒေသများရှိ ပေါင်းစည်းလယ်ယာများသည် တစ်ပိုင်တစ်နိုင်ဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့်နိုင်ငံတော်တွင်ကျေးလက်ဒေသဖွံ့ ဖြိုးရေး ( Rural Community Development ) အတွက် ရိုးရာမိသားစုရိက္ခာထုတ်လုပ်ရေး ( Family Food ) ပုံစံတစ်မျိုးဖြစ်ပြီး ကျေးလက်ပြည်သူများ ချမ်းသာကြွယ်ဝစေသော နည်းလမ်းတစ်ခုဖြစ်ပါသည်။




မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို ကျေးလက်ဒေသများက စတင်ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသရှိ လယ်သမားများသည်စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကိုတစ်ပိုင်တစ်နိုင်ဆောင်ရွက်နေကြသော်လည်းနည်းပညာ ပိုင်းအားနည်းမှုများကြောင့် တိုးတက်သင့်သလောက် မတိုးတက်သေးကြောင်း တွေ့ရှိရသည်။ ကျေးလက်ဒေသရှိ လယ်သမားများသည်မိရိုးဖလာစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိရာတစ်ပိုင်တစ်နိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ပေါင်းစည်းလယ်ယာ ( Integrated Farming )ကိုစနစ်တကျဆောင်ရွက်နိုင်ရန်သက်ဆိုင်ရာဌာနများ ပူးပေါင်းကွင်းဆင်းပြီး ဟောပြောပွဲများပြုလုပ်ခြင်း၊ နည်းပညာများပေးခြင်း၊ အကြံဉာဏ်များပေးခြင်း၊ ဆွေးနွေးခြင်းများကို ကျေးလက်ဒေသများသို့သွားရောက်၍ စည်းရုံးမှသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ပါသည်။

ပေါင်းစည်းလယ်ယာစနစ်ဆိုသည်မှာမြေဧရိယာ(၅/၆)ကေခန့်ပေါ်တွင်ထိုအိမ်များ၊ပတ်လည်တွင်လယ်ကွင်းများ ငါးမွေးကန်များ၊မွေးမြူရေးခြံများ၊ဟင်းသီးဟင်းရွက်စိုက်ခင်းများကိုတွဲဖက်စိုက်ပျိုးမွေးမြူခြင်းကိုခေါ်ဆိုသည်။ကျေးလက်ဒေသရှိပေါင်းစည်းလယ်ယာဖော်ထုတ်ရာတွင်(၁)မိုးစပါး/နွေစပါး ၂–ကေမှ၃–ကေ(၂)ငါးမွေးမြူရေးကန် ၀.၂၀ကေမှ ၂–ကေ(၃)နွားမွေးမြူရေး ၂–ကောင်မှ၆–ကောင်(၄)ဘဲမွေးမြူရေး ( ငါးကန်ပေါ်တွင်အဆောက်အဦးဆောက်၍)၂၀–ကောင်မှ၂၀၀–ကောင်(၅)ဆိတ်မွေးမြူရေး၃–ကောင်မှ၂၀–ကောင်(၆)ဝက်မွေးမြူရေး(ငါးကန်ပေါ်တွင်အဆောက်အဦးဆောက်၍) ၂–ကောင်မှ ၂၀–ကောင်(၇)ကြက်မွေးမြူရေး(ငါးကန်ပေါ်တွင်အဆောက်အဦးဆောက်၍)၁၀–ကောင်မှ၁၀၀၀–ကောင်(၈)မှိုပျိုးဘောင်(၉)တီမွေးမြူရေးကန်(၁၀)ဟင်းသီးဟင်းရွက်စိုက်ခင်း (၁၁) နှစ်လတ်ပင်၊ နှစ်ရှည်ပင် (၁၂) လျှပ်စစ်မီးရရှိအောင် (ဇီဝဓာတ်ငွေ့/ဆိုလာပြား) တို့ပါရှိရန် လိုအပ်ပါသည်။ မြေဧရိယာအနေအထား၊ဒေသအခြေအနေပေါ်မူတည်ပြီး မိမိကြိုက်နှစ်သက်ရာ (၃)မျိုး(၄)မျိုးဆောင်ရွက်ပါကလည်း တစ်ပိုင်တစ်နိုင် ပေါင်းစည်းလယ်ယာ ဖော်ဆောင်ခြင်းဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်နေသည်။ တိရစ ္ဆာန်တို့၏ အညစ်အကြေးများကို ငါး၊ စပါး၊ ဟင်းသီးဟင်းရွက်စိုက်ခင်း၊ လျှပ်စစ်မီးရရှိအောင် (Bio Gas) ထုတ်လုပ်ရန် အသုံးပြုနိုင်သည်။ စပါးကြိတ်ခွဲခြင်းမှထွက်ရှိလာသောဖွဲနု၊ဆန်ကွဲများကိုငါး၊ကြက်၊ဘဲ၊ဝက်တို့ကိုကျွေးမွေးနိုင်သည်။ငါးမွေးကန်မှ ထွက်ရှိသော တီကျစ်စာ၊ စိမ့်ထွက်ရေများကို စပါးခင်းများ၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် အသုံးပြုနိုင်သည်။ မီးဖိုချောင်မှစွန့်ပစ်ပစ္စည်းများကိုကြက်၊ဘဲ၊ဝက်၊ငါး၊ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင်အသုံးပြုနိုင်သည်။ဟင်းသီးဟင်းရွက်စိုက်ခင်းမှအသီးအရွက်များကိုနွား၊ဝက်၊ကြက်၊ဘဲ၊ငါးတို့ကိုကျွေးမွေးနိုင်သည်။ငါးမွေးကန်မှအောက်ခြေ ရွှံ့နွံများ၊ သြဇာဓာတ်ပြည့်ဝသောရေကို ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ စပါးခင်းများတွင် အသုံးပြုနိုင်သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် တစ်ပိုင်တစ်နိုင်ပေါင်းစည်းလယ်ယာများကို ကျေးလက်တောင်သူများမှ ၇၉-ခု ဆောင်ရွက်ထားပါသည်။ဧရာဝတီတိုင်းဒေသကြီး၊ဓနုဖြူမြို့နယ်တွင်ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချနိုင်ရန် ''ပေါင်းစည်းလယ်ယာဖော်ဆောင်ရေးကော်မတီ'' ကို ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဖွဲ့စည်းပြီး တစ်ပိုင်တစ်နိုင် ပေါင်းစည်းလယ်ယာ(၁၅)ခု ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဓနုဖြူမြို့နယ်၏ တစ်ပိုင်တစ်နိုင် ပေါင်းစည်းလယ်ယာများသည် တောင်သူများ၏ ပိုင်ဆိုင်မှုဧက၊ မိမိဒေသအခြေအနေနှင့်ကိုက်ညီမည့်သီးနှံပုံစံ၊ ကြက်၊ ဘဲ၊ ဝက်၊ နွား စသည်တို့ကို အလျဉ်းသင့်သလို စိုက်ပျိုးမွေးမြူပြီး ငါးမွေးကန်နှင့် ကန်ဘောင်ပေါ်တွင် မွေးမြူရေးခြံများ တည်ဆောက်ထားပါသည်။ ဓနုဖြူမြို့နယ်အတွင်း ပေါင်းစည်းလယ်ယာဖော်ဆောင်မှုကဏ္ဍအနေနှင့် (၄၁၁.၇၁)ဧကတွင် စပါးစိုက်ဧက (၁၁၄.၇၇)၊ ငါးမွေးကန်ဧက(၇၂.၆၆)၊ဟင်းသီးဟင်းရွက်စိုက်ခင်းဧက(၂၃.၀၆)၊ဝက်(၃၀)ကောင်၊ကြက်မွေးမြူရေး(၃၄၆၃) ကောင်၊ ဘဲမွေးမြူရေး (၁၈၈၀)ကောင်၊ နွား(၄၂)ကောင်၊ ကျွဲ(၆)ကောင် တို့ကို စိုက်ပျိုးမွေးမြူထားပါသည်။

ကျေးလက်ဒေသရှိတစ်ပိုင်တစ်နိုင်ပေါင်းစည်းလယ်ယာများသည်မိသားစုတစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်သောကြောင့် တစ်နေရာထဲတွင်စိုက်ပျိုးရေး၊မွေးမြူရေးတွဲဖက်လုပ်ကိုင်နိုင်ခြင်း၊အစာကျွေးစရိတ်သက်သာခြင်း၊အလုပ်ချိန်လျှော့ချ နိုင်ခြင်း၊ကုန်ကျစရိတ်သက်သာခြင်းတို့ကြောင့်ကျေးလက်နေမိသားစုစိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများတိုးတက် လာပြီး ကျေးလက်စားနပ်ရိက္ခာဖူလုံ၍ မိသားစုများ ဝင်ငွေပိုမိုရရှိစေသော နည်းလမ်းကောင်း၊ စနစ်ကောင်းတစ်ခု ဖြစ်ပါသည်။

ကျေးလက်ဒေသများ ရေရှည်ဖွံ့ ဖြိုးတိုးတက်ရေး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တစ်ပိုင် တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာဖူလုံစေပြီး ကျေးလက်နေမိသားစု စားဝတ်နေရေးအဆင်ပြေစေ၍အာဟာရပြည့်ဝသောဆန်၊ပဲ၊ဟင်းသီးဟင်းရွက်၊အသား၊ငါး၊ဥ၊နို့များရရှိနိုင်သဖြင့် ကျေးလက်ဒေသများတွင် **''တစ်ပိုင်တစ်နိုင်ပေါင်းစည်းလယ်ယာများ အကောင်အထည်ဖော် ဆောင်ရွက်ကြပါစို့''** ဟု ရေးသားတင်ပြလိုက်ပါသည်။

ပေးပို့သူ

ဦးဇော်မင်း
မြို့နယ်ဦးစီးဌာနမှူး
မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
ဓနုဖြူမြို့